လှိုင်စာပေ

# နေခြည်နွေးနွေး ပန်းမွှေးမွှေး

လုံးချင်းဝတ္ထုသစ်



Do as I do, Not as I say.

(a motto)

ဟူသော ဆိုရိုးအတိုင်း အပြောထက် အလုပ်ကို ဦးစားပေးတတ်သော၊ ဖြစ်ချင်သည် ထက် ဖြစ်သင့်သည် ကို ဦးစားပေးကာ ရိုးရိုးကျင့် မြင့်မြင့်ကြံသည့် ကျန်းမာရေးဝန်ထမ်းကောင်း "ဒေါက်တာထူးမြတ်"။

ပန်းမွေ့ရာမဟုတ်တော့သည့်ဘဝမှ လောကဓံ၏ ဆိုးကျိုးပေးလာမှုကို ရဲရဲဝံ့ဝံ့ရင်ဆိုင်၊ ဆူးခင်း လမ်းကို လျှောက်လှမ်းခဲ့ပြီးမှ မှန်ကန်သော ဆုံးဖြတ်ချက်ဖြင့် နားခိုရာကို ရွေးချယ်လိုက်သည့် ပညာ ရေးဝန်ထမ်း ဆရာမလေး "ဒေါ်ကြည်ပြာလှိုင်"။

ပေတစ်သီး၊ ကျီးတစ်သားလို အချစ်မျိုးဖြင့် တစ်ယောက်ဆိုတစ်ယောက်ကိုသာ ငယ်ကတည်း က စွဲမြဲစွာ ချစ်တတ်ပြီး သစ္စာရှိသော၊ ပင်လယ်ရေကြောင်းအရာရှိလေး "ကျော်သက်ခိုင်" အပေါ် ဖူးစာရေးနတ်မင်း၏ ကူညီဆောင်မမှု။

တိတ်တခိုးမျှော်လင့်ချက်တို့ နှလုံးသားမှာ ရှင်သန်ပေါက်ဖွားနေခဲ့သော်လည်း လူကြီးမိဘ စကားကို မပယ်ရှားတတ်သောကြောင့် ကံတရား၏ ချီးမြှင့်မှုကိုခံလိုက်ရသည့် "ဒေါက်တာမြင့်သက် ထား"။

ရိုးသားခြင်းသည် ထာဝရဆန်းသစ်နေသည် ။

ရိုးသားသော လူငယ်(၄)ယောက်အကြောင်းကို ရိုးသားစွာဖြင့် ခံစား မှုမျှဝေလိုက်သော

# နေခြည်နွေးနွေး ပန်းမွှေးမွှေး

## အခန်း(၁)

"ထူးမြတ် ထူးမြတ်"

"ဘယ်သူပါလိမ့်"

"ကျွန်တော်ပါ ဒေါ်ဒေါ် ကျော်သက်ခိုင်"

"ဩော် မောင်ကျော်သက်ခိုင် လာ လာ၊ အိမ်ထဲဝင် မင်းသူငယ်ချင်း ရေချိုးနေတယ်၊ ဘာလဲ အောင်စာရင်း သွားကြည့်ကြမလို့ လား"

ဒေါ်မေလွင်က တံခါးဖွင့်ရင်း ပြောသည် ။

"ကျွန်တော် အစောကြီးသွားကြည့်ပြီးပါပြီ ထူးမြတ် ဂုဏ်ထူးခြောက် ခုနဲ့ အောင်တာကို လာပြောတာပါ ဒေါ်ဒေါ်"

"ဟေ ဂုဏ်ထူးခြောက်ခု၊ ဟုတ်လား ... ဝမ်းသာလိုက်တာကွယ် သားရော အောင်တယ် မဟုတ်လား၊ ဂုဏ်ထူး ဘယ်နှခုပါသလဲ၊ ထိုင် လေကွယ်"

ဒေါ်မေလွင်သည် အိမ်တံခါးကို ပြန်ပိတ်လိုက်သည် ။

"ကျွန်တော်လည်း အောင်ပါတယ်။ ဂုဏ်ထူး နှစ်ခုထဲပါ။ သင်္ချာနဲ့ ရူပဗေဒမှာ ပါ။ ဒေါ်ဒေါ့် သားကတော့ ကျွန်တော်တို့ တစ်ကျောင်းလုံးမှာ ထိပ်ဆုံးပါပဲ။ ခြောက်ဘာသာဂုဏ်ထူးဆိုလို့ သူတစ်ယောက်တည်းပဲ"

ကျော်သက်ခိုင်သည် ဧည့်ခန်းတွင်းရှိ ဆက်တီတစ်လုံးပေါ်တွင် ထိုင်လိုက်သည် ။

"သားသူငယ်ချင်းကို ဒေါ်ဒေါ်က အစောကြီးကတည်းက အောင်စာရင်းသွားကြည့်ပါလားလို့ ပြောတော့ ကြည့်တဲ့ လူက သိပ်များ နေမယ်။ ဒေါ်ဒေါ့်ကို ဈေးပို့ပြီးမှ ပဲ သွားကြည့်တော့မယ်လို့ ပြော တယ်ကွဲ့ ဟော ... သား လာပြီ သားရေ မောင်ကျော်သက်ခိုင် ရောက်နေတယ်"

ဒေါ်မေလွင်သည် ရေချိုးခန်းထဲမှ ထွက်လာသော သားဖြစ်သူကို လှမ်းပြောလိုက်သည် ။

၎င်းနောက် ဒေါ်မေလွင်သည် မီးဖိုခန်းထဲသို့ ဝင်သွားသည် ။

"ဟော့ကောင် ကျော်သက်ခိုင် ဘာလဲ အောင်စာရင်းကြည့်ဖို့ လာခေါ်တာလား"

ထူးမြတ် မျက်နှာသုတ်ပဝါဖြင့် သူ၏ ကိုယ်ကိုသုတ်ရင်း မေးလိုက်သည် ။

"ဘယ်ကလာ ငါကြည့်ပြီးလို့ မင်း ဒီခြောက်ခုနဲ့ အောင်တာကို လာပြောတာ"

"ဟုတ်မှ လည်း ဖြီးစမ်းပါကွာ"

"ငါညာမပြောဘူးကွ။ တစ်ကျောင်းလုံးမှာ Six D ဆိုလို့ မင်းတစ်ယောက်တည်းကွ မင်းနဲ့ ပြိုင်ဘက် ဟိုကောင် အောင်စိုး Four D နဲ့ ကျန်ခဲ့ပြီ"

"နောက် ဘယ်သူတွေ အောင်ကြသေးသလဲ"

"ငါတို့ အေတန်းက တန်းလုံးကျွတ်အောင်တယ်လို့ ဆရာမတွေ ပြောနေသံကြားတယ် ဟိုရောက်တော့ မင်းတွေ့ရမှာ ပေါ့"

"အေးလေ တော်တော်ကြာ ငါအမေ့ကို ဈေးလိုက်ပို့ပြီးရင် အောင်စာ ရင်းသွားကြည့်မယ် မင်း ပြောတာမှန်ရင် မင်းကို မင်းစားချင်တာ ကျွေး မယ်ကွာ ဒါထက် မင်းရော ဒီဘယ်နှလုံးလဲ"

ကျော်သက်ခိုင်က လက်ချောင်း နှစ်ချောင်း ထောင်ပြလိုက်သည် ။

"ဘာ တူးဒီ ဟုတ်လား၊ မဟုတ်တာ"

"သြော် တူးဒီပါဆိုမှ သချ်ာနဲ့ ရူပ"

"ငါက မင်းကို အောလ်ဒီ ပါမယ်ထင်နေတာ"

"ငါက မင်းလောက်မတော်ပါဘူးကွာ ကဲ ကဲ အဝတ်သွားဝတ် ငါလ ည်း မင်းနဲ့ အတူတူ အောင်စာရင်းလိုက်ကြည့်ဦးမယ်"

"အေး အေး"

ထူးမြတ်သည် အိပ်ခန်းထဲသို့ ဝင်သွားသည် ။

"လာလာ မောင်ကျော်သက်ခိုင် သားဘာစားခဲ့ပြီးပြီလဲ ဒေါ်ဒေါ်တို့ နဲ့ အတူတူ ထမင်းကြော် စားကြရအောင်၊ ထမင်းကြော်ပူပူလေး လာ ဒီကို လာ"

ဒေါ်မေလွင်က မီးဖိုခန်းအဝမှ နေ၍ ကျော်သက်ခိုင်ကို လှမ်းခေါ်သ ည် ။

"ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ် ... ကျွန်တော် မစားတော့ပါဘူး"

"ဟာ မဟုတ်တာ အားမနာပါနဲ့ ဒေါ်ဒေါ်တို့ နဲ့ အတူတူဝိုင်းစားတာ

ပေါ့ ကော်ဖီလည်း ရှိတယ် လာလာ"

"ဒေါ်ဒေါ်တို့ ပဲ စားပါခင်ဗျာ"

"ဟော့ ဟော့ ကျော်သက်ခိုင် မစားလို့ မရဘူး စားကိုစားရမယ်"

ထူးမြတ်သည် ဧည့်ခန်းထဲသို့ ရောက်လာသည်။

သူငယ်ချင်းဖြစ်သူကို ဆွဲခေါ်ရင်း မီးဖိုချောင်ထဲရှိ ထမင်းစားပွဲဝိုင်းငယ်ရှိ ကုလားထိုင်တစ်လုံး ပေါ်တွင် ထိုင်ခိုင်းလိုက်သည်။

"ထိုင် သူငယ်ချင်း အားမနာပါနဲ့ စားပြီးရင် မင်းကို ငါထပ်ကျွေးဦးမယ်"

"ဖြည်းဖြည်းစားကြ သားတို့ "

ဒေါ်မေလွင်သည် ထမင်းကြော်စားရင်း ပြောသည်။

"ဟော့ကောင် စား အကုန်စားစမ်းပါကွာ ထမင်းကြော်က အမေ့လက်ရာ၊ ကော်ဖီက ငါ့လက်ရာ"

ထူးမြတ်က ပြောသည်။

"သားတို့ ဆယ်တန်းအောင်ပြီဆိုတော့ တက္ကသိုလ်ဆက်သွားမှာလား"

ဒေါ်မေလွင်က ကျော်သက်ခိုင်ကို မေးသည်။

"ကျွန်တော့် အဖေနဲ့ အမေ ဘာပြောဦးမလဲ မသိသေးပါဘူး ကျွန်တော့်အဖေကတော့ ဟိုတုန်းက ပြောဖူးတယ် ပင်လယ်ရေကြောင်းလိုင်းလိုက်ရမယ်တဲ့ "

"မင်းအဖေက ပင်လယ်ရေကြောင်းအရာရှိဆိုတော့ မင်းကိုလည်း သူ့လို ဖြစ်စေချင်တာပေါ့ ကွာ"

"မင်းရော ဘာဆက်လုပ်မလဲ"

ကျော်သက်ခိုင်က မေးသည်။

"ငါလား အမေ့အလိုကျအတိုင်းပေါ့"

ထူးမြတ်က မိခင်ဖြစ်သူကိုကြည့်၍ ပြောလိုက်သည်။

"အမေတို့ စဉ်းစားကြတာပေါ့ သားရယ် ကဲ ... စားကြ မောင်ကျော်သက်ခိုင် စား ဖြည်းဖြည်း စား"

ဒေါ်မေလွင်က ပြောလိုက်သည်။

"အမေ ပန်းကန်တွေထားခဲ့ သားဆေးမယ် အမေ ယူစရာရှိတာတွေ အဆင်သင့်ပြင်ထားပေ တော့"

ထူးမြတ်က ပြောလိုက်သည်။

"အေး အေး"

ဒေါ်မေလွင်သည် မီးဖိုခန်းထဲမှ ထွက်သွားသည်။

"ဟော့ကောင် ကြည်ပြာလှိုင်က ဖိုက်ဒီကွ"

ကျော်သက်ခိုင်က နှစ်ကိုယ်ကြား ပြောလိုက်သည်။

"ဘယ်ဘာသာမှာ ဒီမရတာလဲ"

"မြန်မာစာ"

"ငါက သူအောလ်ဒီ ရမယ်ထင်နေတာ"

"မင်းကို အောလ်ဒီရမယ်လို့ သိပ်မထင်ကြဘူးကွ မင်းဟာ တကယ် တော်တယ်ကွာ"

"သိပ်လည်း မြှောက်မနေပါနဲ့ ကွာ ငါ့ခေါင်းနဲ့ အပေါ်က အမိုးနဲ့ ဆောင့်မိနေပါဦးမယ် ကဲ ကဲ ကော်ဖီကိုသောက်ပြီးရင် ငါတို့ ဈေးကတစ်ဆင့် အောင်စာရင်းသွားကြည့်ကြမယ်"

ကျော်သက်ခိုင်က ညှော့ခန်းသို့ ထသွားသည် ။ ထူးမြတ်က စားသောက်ပြီး ပန်းကန်ကိုသိမ်း ဆည်းပြီး ဆေးကြောလိုက်သည် ။

"သားရေ ပန်းကန်တွေထားလိုက် အမေ ဆေးမယ်"

ဒေါ်မေလွင်သည် အထုပ်တစ်ထုပ်ကို ညှော့ခန်းရှိ ကုလားထိုင်တစ်လုံးပေါ်၌ တင်ရင်း ပြောလိုက်သည် ။

"ကျွန်တော် အားလုံးဆေးပြီးပြီ အမေ"

"အေး အေး မီးဖိုထဲက ပြတင်းပေါက်ကို ပိတ်တော့"

"ဟုတ်ကဲ့"

"ဒီနှစ် သားတို့ ကျောင်းက အောင်ချက်ဘယ်လိုလဲ ကောင်းရဲ့ လား"

"ကျွန်တော် မပြောနိုင်ဘူး ကောင်းမှာ ပါ ဒေါ်ဒေါ် ဆရာမကြီးတော့ သိပါလိမ့်မယ်"

"အေးကွယ် ဆယ်တန်းဟာ သိပ်အရေးကြီးတယ် ဆယ်တန်းအောင်ရင် တုံးကြီးတစ်တုံး ကျော်နိုင်ပြီ လိုရာပန်းတိုင်ရောက်အောင်သွားဖို့ သိပ်လွယ်သွားပြီကွဲ့"

"ဩော် အမေ ဒီနေ့ ရက်ချိန်းစေ့တဲ့ အထည်တွေ ပါပြီနော် နောက်ပြီး ကတ်ကြေးတွေရော"

"အားလုံးပါပြီ သား။ ညကတည်းက အမေအိတ်ထဲ အားလုံးကိုထည့်ထားပြီးပြီ"

"ဒီလိုဆိုရင် ဈေးကိုသွားကြရအောင် ခုနစ်နာရီ ထိုးနေပြီ"

"အေး အေး"

ဒေါ်မေလွင်က ရှေ့မှ အရင်ထွက်သွားသည် ။ ထူးမြတ်သည် အထုပ်တစ်ထုပ်ကို ပခုံး၌ လွယ်၊ အိမ်တံခါးကို သော့ခတ်ပြီးနောက် ကျော်သက်ခိုင်နှင့်အတူ သူ၏ မိခင်နောက်မှ ခပ်ခွာခွာလိုက်သည် ။

"တို့ ကျောင်းက ဖိုက်ဒီ ဘယ်နှယောက်ရသလဲ မင်းကြည့်ခဲ့သေးလား"

"ငါကြည့်ခဲ့တာက ကြည်ပြာလှိုင်ပဲ ပြောသံကြားတာကတော့ ဖိုက်ဒီကို ငါးယောက်ရတယ် လို့ "

"ဘယ်သူတွေလဲ"

"ကြည်ပြာလှိုင်ရယ် နွယ်နီရယ် ဝင်းမောင်ရယ် ဥမ္မာချိုရယ် နောက်တစ်ယောက်က ဟိုကောင် ချစ်မင်းလူလို့ ပြောနေကြတယ်"

"အေးလေ ဟိုရောက်တော့ ငါတို့ အေးအေးဆေးဆေးကြည့်ကြတာပေါ့ ငါတို့ ရောက်သွားချိန် မှာ လူရှင်းလောက်ပါပြီ"

"ဖိုးဒီကတော့ ဆယ်ယောက်ပါတယ်လို့ ပြောသံကြားတယ်"

ရန်ကင်းဈေးသို့ သူတို့ ရောက်သောအခါ ထူးမြတ်က ဈေးဆိုင်ဖွင့်သည် ။ သူ၏ မိခင်မှာ အပ်ချုပ်ဆိုင်ဖွင့်ထားသူ ဖြစ်၏။ မိခင်၏ အကူ မလှရင်ကလည်း ဆိုင်ဖွင့်ခြင်းကို ဝိုင်းကူသည် ။ ထူးမြတ်သည် ဆိုင်တွင်းဆိုင်ပြင် သန့်ရှင်းရေးကို ခပ်သွက်သွက်ပြုလုပ်သည် ။ ကျော်သက်ခိုင်သည် သူငယ်ချင်း၏ လုပ်ပုံကိုင်ပုံများကို ငေးကြည့်နေသည် ။

"ဟေ့ကောင် ကျော်သက်ခိုင် ဟောဟို ခွေးချေပေါ်မှာ ထိုင်လေကွာ"

ထူးမြတ်က အလုပ်လုပ်နေရင်း လှမ်းပြောသည်။

"မထိုင်တော့ဘူး သူငယ်ချင်း မင်းလုပ်စရာရှိတာသာ လုပ်"

"ဩော် အမေ ဘာစားဦးမလဲ သား ဘာမှာ ပေးရမလဲ"

ထူးမြတ်က အပ်ချုပ်စက်တစ်လုံးကို အဝတ်ဟောင်းတစ်ခုဖြင့် ပွတ်တိုက်ရင်းမေးသည်။

"အမေ ဘာမှ မစားတော့ဘူး သားသွားတော့ သားတို့အောင်စာရင်းကြည့်မယ်ဆို သွားတော့ ဆယ့်တစ်နာရီသာ အိမ်ကထမင်းဟင်းတွေနွှေးပြီး အမေ့ကို လာပို့ပေး ရော့ သား ပိုက်ဆံယူသွားဦး"

ပြောပြောဆိုဆို ဒေါ်မေလွင်က သားဖြစ်သူ၏ အင်္ကျီအိတ်ထဲသို့ ငွေစက္ကူအချပ်ကြီး သုံးလေး ရွက်ကို ထိုးထည့်လိုက်သည်။

"သားဆီမှာ အမေပေးထားတဲ့ ပိုက်ဆံတွေ ရှိပါသေးတယ်အမေ"

"ရှိလည်း ရှိပေ့ါ သားရယ် အမေပေးတာ ယူသွားပေ့ါ၊ ဟိုရောက်တော့ သားသူငယ်ချင်းတွေက ကျွေးခိုင်းရင် ကျွေးရတာပေ့ါ"

ဒေါ်မေလွင်သည် ကတ်ကြေးတစ်လက်ဖြင့် အဝတ်စငယ်တစ်စကို စမ်းသပ်ဖြတ်ရင်း ပြောလိုက်သည်။

"ကျွန်တော်တို့ သွားတော့မယ် အမေ"

"အေး အေး ဆရာမကြီးကိုတွေ့ရင် ဝင်ကန်တော့လိုက်ဦး"

"ဟုတ်ကဲ့"

ဒေါ်မေလွင်သည် တစ်ယောက်ဆိုတစ်ယောက် မွေးရကျိုးနပ်အောင် ထူးချွန်ထက်မြက်သော သားဖြစ်သူ၏ နောက်ကြောကို

ပျောက်ကွယ်သွားသည် အထိ ငေးကြည့်ရင်းမှ ကွယ်လွန်သွားလေသူ ခင်ပွန်းဖြစ်သူကိုပင် လွမ်းဆွတ်သတိရမိလေတော့သည်။

*　　　*　　　*

# အခန်း(၂)

"ထူးမြတ် မင်းတို့ သားအမိဟာ တစ်ယောက်ကိုတစ်ယောက် ချစ်ကြရာမှာ စံပြလို့ ငါထင် တယ်"

လမ်းတွင် ကျော်သက်ခိုင်က ပြောသည်။

"မင်း စိတ်ထင်လို့ ပါကွာ မင်းအမေက မင်းကိုချစ်တာလည်း ငါ့အမေက ငါ့ကိုချစ်သလိုပဲဖြစ် မှာ ပါ အတူတူပါပဲ"

"မဟုတ်ပါဘူးကွာ မင်းတို့ သားအမိက ပိုချစ်ကြတယ်လို့ ငါထင်တယ်"

"ငါတို့ က အမေတစ်ခုသားတစ်ခုကွ ငါတို့ အဖေက ငါခြောက်တန်းရောက်တဲ့ နှစ်မှာ ဆုံးသွား တော့ အမေက ငါ့ကို အဖေမဲ့သားဆိုပြီး ပိုချစ်ဟန်တူတယ်ကွာ နောက်ပြီး ငါတို့ အမေက မုဆိုးမဘဝနဲ့ ငါ့ကို လူတစ်လုံး သူတစ်လုံးဖြစ်အောင် စက်ချုပ်ကျွေးခဲ့တယ်။ နောက်အိမ်ထောင်ထူဖို့ လုံးဝစိတ် မကူးခဲ့ဘူး။ ယောက်ျားတွေနဲ့ ဆိုရင် ခပ်တည်တည် ဆက်ဆံတယ်ကွ အခု ငါဆယ်တန်းအောင်ပြီဆို တော့ အလုပ်ထွက်လုပ်ပြီး အမေ့ကို တစ်လှည့်လုပ်ကျွေးရင် ကောင်းမလားလို့ စိတ်ကူးမိတယ်"

"မင်းက ဆေးအမှတ် ကောင်းကောင်း မီတယ်ဆိုတော့ ဆေးတက္ကသိုလ်တက်ဖို့ ကောင်း တယ်"

"ငွေ ငွေ ငွေလိုတယ်ကွ ဆရာဝန်ဖြစ်ဖို့ ဆေးကျောင်းတက်ဖို့ ပိုက်ဆံ

အများကြီး လိုတယ်ကွ"

"မင်းအဖေဘက်က ဆွေမျိုးတွေက မင်းကိုအကူအညီမပေးကြဘူး လား"

"ငါ့အဖေသေတုန်းက သူတို့ လာကြပြီး နောက်မလာကြတော့ဘူး ငါ တို့ နဲ့ အဆက်သွယ်ပြတ် နေတယ် ငါ့အမေဘက်ကလည်း အဆက်အသွ ယ်မရှိတော့ဘူး ငါ့အမေမှာ မိထွေးပဲရှိတော့တယ် ငါ့အမေရဲ့ အဖေ ငါ့ အဘိုးဟာ လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကျော်က ဆုံးသွားပြီ"

"မင်းတို့ က ပဲခူးဘက်ကနော်"

"အေး ဟုတ်တယ် ငါ့အဖေရော ငါ့အမေပါ ပဲခူးက"

သူငယ်ချင်းနှစ်ယောက် စကားပြောပြတ်သွားကြသည် ။

လမ်းတစ်လျှောက်တွင် အောင်စာရင်းကြည့်ပြီး ပြန်လာသူထဲမှ တချို့က

"အောင်ကြတယ် မဟုတ်လား။ ဒီခြောက်လုံးပိုင်ရှင်ကြီး ဘာကျွေးမှာ လဲ"

ဟု ပြောသွားသူများက ပြောသွားကြသည် ။

အောင်စာရင်းကပ်ထားရာ ကျောင်းဝင်းအထဲသို့ ထူးမြတ်နှင့် ကျော် သက်ခိုင်တို့ ရောက်သွား သောအခါ အောင်စာရင်းကြည့်သူ များများ စားစားမရှိတော့။

ကျော်သက်ခိုင်ပြောသည် မှာ မှန်၏။

မိမိ ခြောက်ဘာသာဂုဏ်ထူးဖြင့်အောင်သည် ကို ထူးမြတ်တွေ့ရသ ည် ။

ပျော်လိုက်သည့်ဖြစ်ခြင်း။

ယခုကဲ့သို့ပျော်ခြင်းမျိုးကို သူသည် တစ်ကြိမ်တစ်ခါမျှ မခံစားခဲ့ရဖူးပါ။

"ဟော့ ထူးမြတ် လာကြည့် ဒီမှာ "

ကျော်သက်ခိုင်ရှိရာသို့ ထူးမြတ်သွားသည် ။

"ကြည်ပြာလှိုင် ဖိုက်ဒီ တွေ့တယ်မဟုတ်လား"

ကျော်သက်ခိုင်က ခပ်တိုးတိုးကပ်ပြောသည် ။

"အေး အေး မင်းနာမည်ကို ငါကြည့်ချင်သေးတယ်"

"ဒီမှာ ကွ"

"တွေ့ပြီ ... ကျော်သက်ခိုင် သင်္ချာ၊ ရူပဗေဒ ဟုတ်ပြီ ပျော်တယ်ကွ ငါတို့ သူငယ်ချင်းတွေ အားလုံးအောင်လို့ ပျော်တယ်ကွ ဒီနေ့အဖို့ ငါတို့ အပျော်ဆုံး"

ထိုသို့ပြောရင်း သူငယ်ချင်းနှစ်ယောက် နောက်လှည့်ထွက်လာကြသည် ။

"ပျော်မှာ ပေါ့လေ ခြောက်ဘာသာဂုဏ်ထူးရှင်ဆိုတော့ ပျော်မှာ ပေါ့ ငါတို့ ကိုတောင် မမြင်တော့ ဘူး"

အသံပေါ်ထွက်လာရာသို့ ထူးမြတ်ကြည့်လိုက်သည် ။

ကျောင်းဝင်းနံရံအနီးရှိ ပန်းခြံရှေ့၌ ရပ်နေသော ကြည်ပြာလှိုင်ကို တွေ့ရသည် ။

သူ့အနီးတွင် နွယ်နီရပ်နေသည် ။

ထူးမြတ်က ကြည်ပြာလှိုင်အား ပြုံးပြရင်း

"ဟယ် ... ကြည်ပြာလှိုင် ... ဆောရီးကွာ နင့်ကိုငါမမြင်ဘူး နင် ဖိုက်ဒီနဲ့ အောင်တယ် မဟုတ်လား ကွန်ဂရက်ကျူလေးရှင်းကွာ"

"သင့်ခ်ယူ နင်ဟာလေ တကယ်တော်တယ်"

"ဒီလောက်လည်း မဟုတ်ပါဘူးဟယ်"

"ဘာကျွေးမလဲ ပြော"

နွယ်နီက မေးသည်။

"ဘာစားမလဲ နင်တို့ စားချင်တာ ပြော"

"ကျော်သက်ခိုင်ရော ဘာကျွေးမလဲ"

ကြည်ပြာလှိုင်က ကျော်သက်ခိုင်ကို မေးသည်။

"နင်တို့ က ငါ့ထက် ဒီများ တော့ နင်တို့ ကကျွေးရမယ်"

ကျော်သက်ခိုင်က ပြန်ပြောလိုက်သည်။

"နေဦး ငါဆရာမကြီးဆီ သွားကန်တော့လိုက်ဦးမယ် နင်တို့ ဒီက စောင့်နေကြ"

"ဟာ ငါတို့ လည်း လိုက်မှာ ပေါ့ လာကြဟေ့ သွားကြရအောင်"ကြည်ပြာလှိုင်က ပြောသည်။

ထူးမြတ်က ဦးဆောင်ပြီး သူငယ်ချင်းလေးယောက် ဆရာမကြီးရုံးခန်းသို့ သွားကြသည်။

"လာကြဟေ့ မင်းတို့ တစ်တွေ ဂုဏ်ထူးတွေနဲ့ အောင်ကြတယ် မဟုတ်လား"

"ဟုတ်ကဲ့ အောင်ပါတယ် ကျွန်တော်တို့ ဆရာမကြီးကိုလာကန်တော့ကြတာပါ"

ထူးမြတ်က ပြောသည်။

သူတို့ လေးယောက် ဆရာမကြီးကိုထိုင်ကန်တော့ကြသည်။

ဆရာမကြီးဒေါ်စောခင်က ဆုပေးသည်။

"မင်းတို့ တက္ကသိုလ်ဆက်တက်ကြမယ် မဟုတ်လား"

ဆရာမကြီးက မေးသည်။

"ကျွန်မ ဆေးတက္ကသိုလ်ကို ဆက်တက်မယ် ဆရာမကြီး"

ကြည်ပြာလှိုင်က ပြောသည်။

"ကျွန်မကတော့ စက်မှုတက္ကသိုလ်ပဲတက်မယ် ကျွန်မက ပိုးဟပ်တို့ ဖားတို့ ကို ကြောက်တယ်"

နွယ်နီက ပခုံးတွန့်၍ ပြောသည်။

ထူးမြတ်နှင့် ကျော်သက်ခိုင်တို့ က ဘာမှ မပြော။

"မင်းတို့ နှစ်ယောက်ကရော"

"ကျွန်တော်က တူးဒီပဲဆိုတော့ ဆေးမမီနိုင်ဘူး ကျွန်တော့်အိမ်ကလူကြီးတွေက ဆယ်တန်း အောင်ရင် သင်္ဘောလိုက်ရမယ်လို့ ဟိုတုန်းကပြောဖူးပါတယ်"

"ပြည်တွင်းလား ပြည်ပလား"

ဆရာမကြီးက မေးသည်။

"ပြည်ပပါ။ ကျွန်တော့်အဖေက ရေကြောင်းဦးစီးဌာနကပါ အဖေ့မှာ

စက်ပြာပူမှာ သူ့မိတ်ဆွေ ရင်းချာတွေ ရှိပါတယ်"

"အေး ကောင်းတယ် ကောင်းတယ် ဒါထက် မောင်ထူးမြတ်ရော"

"ကျွန်တော့်အမေ ဘာပြောဦးမလဲ မသိသေးပါဘူး ကျွန်တော်ကတော့ အလုပ်ထွက်လုပ်ပြီး စာပေးစာယူနဲ့ အဝေးသင်တက်ရင်း အမေ့ကို တစ်လှည့်ပြန်လုပ်ကျွေးမလားလို့ စိတ်ကူးထားပါ တယ်"

အားလုံးက ထူးမြတ်ကို ဝိုင်းကြည့်ကြသည် ။

"ဆရာမကြီး သဘောကတော့ မင်းကို ဆေးတက္ကသိုလ်တက်စေချင်တယ် ဆရာဝန်ဖြစ်စေချင် တယ် အခွင့်အရေးဆိုတာ တစ်ခါပဲလာတယ်၊ နှစ်ခါမလာဘူး။ ရလာတဲ့ အခွင့်အရေးကို လက်လွှတ် မခံဘဲ အကျိုးရှိရှိ အသုံးချဖို့ လိုတယ်ကွဲ့။ မင်းက ဆစ်ဒီဆိုတော့ ဆေးအမှတ် ကောင်း ကောင်း မီတယ် ဒီအခွင့်အရေးကို လက်လွှတ်မခံနဲ့ လက်လွှတ်သွားရင် နောက်တစ်ခါပြန်မရနိုင်တော့ဘူး။ ဆရာမကြီး ပြောတာ သဘောပေါက်တယ်နော် နေပါဦး မင်းက ဆရာဝန်ရော ဖြစ်ချင်သလား"

"ဖြစ်ချင်ပါတယ် ဆရာမကြီး"

"ဖြစ်ချင်ရင် ကြိုးစား၊ လုံ့လဆိုတာ သေခါမှ လျှော့"

ထိုအခိုက် ကင်မရာနှင့်လူတစ်ယောက် ဆရာမကြီးရုံးခန်းဝသို့ ရောက်လာသည် ။

"ကျွန်တော် သတင်းထောက်ဦးလှမြင့်ပါ ဆရာမကြီးဆီ လာတာပါ"

သတင်းထောက်ဦးလှမြင့် ဆိုသူက ပြောပြောဆိုဆို ရုံးခန်းထဲဝင်လာသည် ။

"ကိစ္စက"

ဆရာမကြီးက မေးသည်။

"ဆရာမကြီးကျောင်းက ခြောက်ဘာသာဂုဏ်ထူးရှင်ကို ဓာတ်ပုံရိုက်ပြီး သတင်းစာထဲ ထည့်ချင်လို့ ပါ"

"အတော်ပဲ ဒီမှာ ခြောက်ဘာသာဂုဏ်ထူးရှင် ရှိနေတယ် ကဲ ... မောင်ထူးမြတ် ဓာတ်ပုံအရိုက် ခံလိုက်ပါ နေပါဦး ဓာတ်ပုံက သတင်းစာထဲ ဘယ်တော့ပါမှာ လဲ သတင်းထောက်ကြီးရဲ့ "

ဆရာမကြီးက မေးသည်။

"မနက်ဖြန်ပါမှာ ပါ ခင်ဗျာ"

သတင်းထောက်က ဖြေသည်။

ငင်းနောက် သတင်းထောက်ဦးလှမြင့်သည် ထူးမြတ်ကိုဓာတ်ပုံရိုက်ပြီးနောက် ထူးမြတ် မေတ္တာရပ်ခံချက်ဖြင့် သူတို့ သူငယ်ချင်းလေးယောက်တွဲဓာတ်ပုံကိုပါ ရိုက်ကူးပေးသည်။

"ကျွန်တော်တို့ ကို လေးပုံကူးပေးနော် ကုန်ကျစရိတ် ကျွန်တော်တို့ ပေးမယ်"

ကျော်သက်ခိုင်က ပြောသည်။

ဓာတ်ပုံရိုက်ပြီးသောအခါ သတင်းထောက်၏ အိမ်လိပ်စာကို ကျော်သက်ခိုင်က ရေးမှတ်ယူ လိုက်သည်။

သူငယ်ချင်းလေးယောက်သည် ဆရာမကြီးဒေါ်စောခင်ကို နှုတ်ဆက်ပြီး ဆရာမကြီးရုံးခန်း ထဲမှ ထွက်လာကြသည်။

* * *

# အခန်း(၃)

"ကဲ ကဲ ဘာစားကြမလဲပြော ဒီနေ့ဟာ မင်္ဂလာရှိတဲ့ နေ့ ငါ့မှာ ပိုက်ဆံပါတယ် ငါကျွေးမယ်"

ကျောင်းဝင်းပြင်ဘက်အရောက်တွင် ထူးမြတ်က သူ၏ အင်္ကျီအိတ်ကိုပုတ်ပြရင်း ပြောသည်။

"ငါတော့ ကြွက်သားပေါက်စီ အဲလေ ... ကြက်သားပေါက်စီ"

ကျော်သက်ခိုင်က နောက်သည်။

"နင်တို့ ကရော"

ထူးမြတ်က ကြည်ပြာလှိုင်ကိုကြည့်၍ မေးသည်။

ကြည်ပြာလှိုင်က နွယ်နီကို ကြည့်သည်။

"နင်တို့ ဟိုဟာလေ ဟိုဟာ ဟိုအသား၊ ဘာလဲ လိပ်သား လိပ်သား လိပ်ဥတို့ စားကြပါလား"

ကျော်သက်ခိုင်က ရွှတ်နောက်နောက်ပြောသည်။

"နင်ပဲ စား"

နွယ်နီက မျက်စောင်းဝင့်ကာ ပြောလိုက်သည်။

"ကဲပါ လာကြ ဟိုးထိပ်ကဆိုင်ကို သွားကြရအောင် အဲဒီဆိုင်က သန့်

လည်း သန့်တယ်"

ထူးမြတ်က ပြောသည်။

"ဟင့်အင်း ငါတို့ မစားတော့ပါဘူးဟယ် ကျေးဇူးတင်တယ် ထူးမြတ် "

ကြည်ပြာလှိုင်က ပြောသည်။

"ဘာလဲ င့ါကိုအားနာလို့ လား အားမနာပါနဲ့ ဟာ င့ါမှာ ပိုက်ဆံအလုံအလောက်ပါတယ် င့ါအမေက င့ါကို ပိုက်ဆံတွေ တစ်ထပ်ကြီး ပေးလိုက်သေးတယ်"

"ကျေးဇူးပဲဟာ နောက်မှ စားတော့မယ် ငါတို့ အိမ်ပြန်မယ် အိမ်က မျှော်နေမယ်"

ထူးမြတ်သည် ကြည်ပြာလှိုင်ကိုကြည့်လိုက်သည်။

အကြည့်ချင်းဆုံသွားသည် ။ ကြည်ပြာလှိုင်က အကြည့်လွှဲလိုက်သည်။

"ဟုတ်တယ် အကြွေးမှတ်ထား နောက်တစ်ခါမှ ကျွေး"

နွယ်နီက ပြောသည်။

ကျော်သက်ခိုင်က အားမလိုအားမရဖြင့်

"နင်တို့ ကလည်း ဟယ် ကျွေးတဲ့ လူက ကျွေးမယ်ပြောတာ ငြင်းနေရသေးတယ် ငါတော့ နင်တို့ အတွက်ပါ စားလိုက်မယ်"

"စား စား နင်ဟာလေ အစားတော်တော်ခုတ် ကဲသွားပြီ ဟေ့ ထူးမြတ်"

"ကောင်းပြီ"

"သွားပြီဟေ့ ငှက်ပျောခိုင် အဲ ကျော်သက်ခိုင်"

"သွား သွား နွယ်စိမ်း အဲ အဲ နွယ်နီ တာ့တာ ဘိုင့်ဘိုင်"

ကြည်ပြာလှိုင်နှင့် နွယ်နီတို့ သူတို့ ကို ကျောခိုင်းထွက်သွားကြသည်ကို ထူးမြတ်နှင့် ကျော်သက် ခိုင်တို့ ငေးကြည့်နေကြသည် ။ ခဏကြာတော့မှ ထူးမြတ်သည် ကျော်သက်ခိုင်ကိုကြည့်ပြီး

"ဟေ့ကောင် မင်းမျက်လုံးတွေကို ပြန်ကောက်ထည့်လိုက်ဦး"

ဟု ခပ်ရွှင်ရွှင်ပြောလိုက်သည် ။

"လှတယ်ကွ"

"ဘယ်သူလဲ နွယ်နီလား"

"ဘယ်ကလာ ကြည်ပြာလှိုင်"

"ငါတမင်နောက်ပြောတာပါ ကဲ ကဲ ငါတို့ ဟိုးကုက္ကိုလ်ပင်အောက်က ဆိုင်မှာ တစ်ခုခုစားကြ ရအောင်"

"ငါမစားတော့ဘူး အဲဒီကိုတော့ သွားမယ် အဲဒီမှာ လူရှင်းတယ် မင်းကိုငါပြောစရာတွေ ရှိတယ်"

"တစ်ခုခုတော့ စားကွာ"

သူငယ်ချင်းနှစ်ယောက် ခပ်မှန်မှန် လမ်းလျှောက်သွားကြသည် ။ ကုက္ကိုလ်ပင်ကြီးအောက်ရှိ လက်ဖက်ရည်ဆိုင် လူရှင်းသောနေရာတွင် ထိုင်ကြသည် ။

"ဘာသောက်မလဲ ဘာစားမလဲ သူငယ်အချင်း" ထူးမြတ်က မေးသည် ။

"လက်ဖက်ရည်ပဲ သောက်မယ်ကွာ ချိုဆိမ့်"

"လက်ဖက်ရည် ရှယ် ချိုဆိမ့်ပြီးတော့ ကော်ဖီကြွမ်းတစ်ခွက် မုန့်တွေ ပါချကွာ"

ထူးမြတ်က စားပွဲထိုးလူငယ်လေးကို ပြောသည်။

"ထူးမြတ် ငါပေးမှာ နော်"

"ဟင့်အင်း ငါပေးမယ် ငါဒကာခံပါရစေ သူငယ်ချင်း ကြုံတောင့်ကြုံ ခဲ"

"ဒီလိုကွ ငါပြောမယ်ဆိုတာက ကြည်ပြာလှိုင်အကြောင်း"

"အင်း ထင်သားပဲ မင်းရောဂါကြီးနေပြီဆိုတာ"

"ကြည်ပြာလှိုင်က အရမ်းလှတယ်ကွ"

"လှတာမက်ရင် ညစာခက်မယ်နော်"

"ငါတို့ အခုဆယ်တန်းအောင်ကြပြီဆိုတော့ အချစ်ရေးကို လွတ်လွတ်လပ်လပ် စဉ်းစားနိုင်ပြီ"

"ဆယ်တန်းမအောင်ရင် လွတ်လွတ်လပ်လပ် မစဉ်းစားနိုင်ဘူးဆိုတဲ့ သဘောလား"

"အင်း အဲဒီသဘောပါတယ် ဆယ်တန်းအောင်မှ အလုပ်၊ လခစားအလုပ်လုပ်ဖို့ လမ်းပွင့်တော့ အချစ်ရေး အိမ်ထောင်ပြုရေးကို လွတ်လွတ်လပ်လပ် စဉ်းစားနိုင်တာပေါ့ သူငယ်ချင်း"

"ငါတော့ အလုပ်အကိုင်ရမှ ဝင်ငွေကောင်းမှ အိမ်ထောင်ရေးစဉ်းစားတော့မယ်ကွာ"

"ဟုတ်ရဲ့ လား မင်းမှာ ချစ်တတ်တဲ့ အသည်း မရှိဘူးလား"

"ရှိတာပေ့ါ မရှိဘဲ နေပ့ါမလားကွ"

"ဒီလိုကွ ငါကြည်ပြာလှိုင်ကို င့ါရဲ့ အချစ်ဖွင့်ပြောရင် ကောင်းမလား လို့ "

ကျော်သက်ခိုင်သည် ထူးမြတ်၏ မျက်နှာအမူအရာကို အကဲခတ်သည် ။

ထူးမြတ်၏ အမူအရာသည် ထူးခြားမှုမရှိဘဲ ...

"မင်း ဘယ်လိုပြောမှာ လဲ ပါးစပ်နဲ့ လား စာနဲ့ လား"

"အဲဒါ မင်းဆီက အကြံတောင်းချင်တယ်ကွာ"

"ဟာ င့ါမှာ ဒီလိုအတွေ့အကြုံမှ မရှိတာ"

" မဟုတ်ဘူး လေ မင်းက စာဖတ်အားကောင်းတယ် မဟုတ်လား မဂ္ဂဇင်း၊ ဂျာနယ်တွေ သိပ်ဖတ်တော့"

"သူ့မှာ ချစ်သူရှိ မရှိ မင်းစုံစမ်းပြီးပြီလား"

"ငါသိရသလောက်ဆိုရင် သူ့မှာ ချစ်သူမရှိသေးဘူးကွ အောင်စိုးက တော့ သူ့ကို အသည်း အသန်လိုက်နေတာတော့ ငါသိတယ် နောက်ပြီး ဆယ်တန်း "ဘီ" က ချာလီဆိုတဲ့ ငနဲကလည်း အသည်းအသန်ပဲကွ"

"မင်းကရော အသည်းအသန် မဟုတ်ဘူး လား"

"အခုမှ စတာကွ"

သူတို့ မှာ ထားသော လက်ဖက်ရည်နှင့် ကော်ဖီကြမ်းရောက်လာသည် ။

"အစ်ကိုတို့ စီးကရက်သောက်ဦးမလား"

"မသောက်ဘူး"

ထူးမြတ်က ပြောသည်။

လက်ဖက်ရည်လာပို့သောလူငယ် လှည့်ထွက်သွားသည်။

"သူငယ်ချင်း ဘာမုန့်စားမလဲ တစ်ခုခုစားကွာ"

ထူးမြတ်က ပြောသည်။

"ငါမစားတော့ဘူး သူငယ်ချင်း ငါတို့ တစ်တွေ အခု ဆယ်တန်းအောင်ကြပြီဆိုတော့ နောက်နောင် ပြန်ဆုံဖို့ ရာ အလှမ်းဝေးသွားပြီ ငါက အိမ်ကပြောတဲ့ အတိုင်းဆိုရင် သင်္ဘောလိုက်ရမှာ သေချာတယ် အဲဒီတော့ အချိန်မနှောင်းမီ ကြည်ပြာလှိုင်ကို ငါ့အချစ်ဖွင့်ပြောချင်တယ်ကွာ"

ထူးမြတ် ခေတ္တငိုင်သွားသည်။

ပြီးတော့မှ

"အင်း မင်းပြောတာမှန်တယ် ငါတို့ တစ်တွေ နောက်ထပ်ပြန်ဆုံဖို့ မလွယ်ဘူး အင်းလေ မင်းရဲ့ အချစ်ကိုပြောကြည့်ပေါ့ ဘယ်လိုပြောမလဲ သူနဲ့ ဆုံဖို့ နည်းလမ်းရှာရမှာ ပေါ့"

ဟု ပြောလိုက်သည်။

"ငါ့ရင်ထဲမှာ ရှိနေတာ ပြောမယ်ကွာ ငါတို့ သူငယ်ချင်းတစ်သိုက်ထဲမှာ ယောက်ျားကလေးတွေ ထဲမှာ ကြည်ပြာလှိုင်ဟာ မင်းကိုအခင်ဆုံးလို့ ငါထင်တယ်"

"ငါတို့ တစ်တွေဟာ ရိုးရိုးတန်းတန်း ခင်ကြတာပါကွာ စာအကြောင်းဆွေးနွေးကြရင်း ပိုခင် တာပါ မင်း တစ်လွဲတော့မထင်ပါနဲ့ "

"ငါလူကဲခတ်မညံ့ပါဘူးကွ သူမင်းကိုကြည့်ပုံဟာ တစ်မျိုးပဲကွ မင်းကရော ကြည်ပြာကိုစိတ် မဝင်စားဘူးလား မှန်မှန်ပြောစမ်း"

ထူးမြတ် မသိမသာပြုံးသည် ။

"မင်းဘယ်ကတည်းက ကြည်ပြာလှိုင်ကို စိတ်ဝင်စားခဲ့တာလဲ"

"မြင်လျှင်မြင်ချင်းပေါ့ကွာ ဟော့ စကားလမ်းကြောင်းမပြောင်းနဲ့ ငါ့အမေးကို ဖြေပါဦး"

"ကြည်ပြာလှိုင်ဟာ လှတယ် ဣန္ဒြေရှိတယ် အနေအထိုင်သိမ်မွေ့တယ် ဆိုရှယ်မများ ဘူး သူ့လိုမိန်းကလေးမျိုးကို စိတ်မဝင်စားဘူးလို့ ပြောရင် အဲဒီလိုပြောတဲ့ သူဟာ ညာပြောတာပဲ"

"အဲဒီတော့ မင်းလည်း ချစ်တာပေါ့"

"လှတဲ့ ပန်းတစ်ပွင့်ကို တွေ့တဲ့ အခါ ဟယ် လှလိုက်တာဆိုပြီး ကြည့်တဲ့ အကြည့်နဲ့ ကြည့်ပြီး အဲဒီပန်းပွင့်ကို ချစ်တဲ့ သဘောမျိုးပေါ့ကွာ ဒါပေမဲ့လို့ ဒီပန်းပွင့်ကိုရယူဖို့ ရာ တန်ဖိုးကရှိသေးတယ်ကွ နောက်ပြီး ဒီပန်းပွင့်ကို မညှိုးအောင်ပြုစုဖို့ က ရှိသေးတယ်ကွ ကြည်ပြာလှိုင်ဟာ အရာရှိကြီးတစ် ယောက်ရဲ့ သမီးကွ ငါနဲ့ ဆိုရင် မိုးနဲ့ မြေပမာကွ။ အဲဒီတော့ မင်းက သူ့အချစ်ကိုတောင်းခံချင်ရင် တောင်းခံ၊ ငါ့ကိုထည့်မတွက်နဲ့ ။ ငါက အမေတစ်ခု သားတစ်ခု အမေက ငါ့ကိုလိုလေသေးမရှိအောင် ငါစာသင်ရာမှာ မျက်နှာမငယ်အောင် ရန်းကန်ကျွေးမွေးထားတယ်။ ငါ အမေ့ကိုထောက်ထားရမယ်။ အချစ်ရေးကို မစဉ်းစားနိုင်သေးဘူး။ ပညာစုံပြီး အလုပ်အကိုင်အတည်တကျဖြစ်တဲ့ အခါမှာ အမေ သဘောတူတဲ့ မိန်းမကိုပဲ ငါယူမယ်လို့ ဆုံးဖြတ်ထားတယ် သူငယ်ချင်း"

ထူးမြတ်က ကျော်သက်ခိုင်ကို စိတ်ရှည်လက်ရှည် ရှင်းပြလိုက်သည်

။ ထိုအခါမှ ကျော်သက်ခိုင် သက်ပြင်းချလိုက်ပြီးနောက်

"ငါက သူများ ဦးသွားမှာ စိုးတယ် ငါက သူ့အပေါ်မေတ္တာရှိတယ်ဆိုတာ သူသိအောင် ငါကြိုးစားမယ် အကယ်၍ သူကငါ့အပေါ် မေတ္တာရှိတယ်ဆိုရင် ငါလည်း အလုပ်အကိုင်အတည်တကျ ဖြစ်မှ ယူမှာ ပါကွာ"

"မင်းအဖေဟာ ရေကြောင်းအရာရှိဆိုတော့ သူ့အိမ်ကလည်း မင်းနဲ့ဆိုရင် သဘောတူမှာ ပါ မင်းအိမ်က မင်းကို ပြည်ပသင်္ဘောအလုပ်လုပ်ခိုင်းရင် မင်းလုပ်ပါ ကြိုးစားပေါ့ သူငယ်ချင်း"

"ငါကြည်ပြာလှိုင်အချစ်ကို ရရင် မင်းမနာလိုမဖြစ်နဲ့ နော် ထူးမြတ်"

"အောင်မာ မုန့်ဆီကြော်က ဘယ်နေမှန်းမသိသေးဘူး မင်းက"

"ငါ့ရင်ထဲရှင်းသွားပြီ သူငယ်ချင်း အမှန်ကိုပြောရရင် ငါက မင်းနဲ့ကြည်ပြာလှိုင်တို့ ဘယ်သူမှ မသိအောင် ချစ်နေကြပြီထင်နေတာ"

"အသည်းချင်းတော့ သိနေရင် သိနေမှာ ပေါ့ သူငယ်ချင်း"

ထူးမြတ်က စသလိုလို ပြောလိုက်သည် ။

"ဟေ့ကောင် ဒီလိုမပြောနဲ့ ငါမခံနိုင်ဘူး"

"သူက ငါ့ကို ချစ်နေတယ်ဆိုရင်ရော"

"ဟင့်အင်း မချစ်ရဘူး ဘယ်သူ့ကိုမှ မချစ်ရဘူး ငါကလွဲရင်"

"ရူးမနေနဲ့ သူငယ်ချင်း ... မင်းလက်ဖက်ရည်ကုန်အောင် သောက်လိုက်ပေတော့"

ထူးမြတ်၏ တိတ်တခိုးပင့်သက်ရှိုက်လိုက်သံကို လက်ဖက်ရည်မော့သောက်လိုက်သော ကျော်သက်ခိုင် မကြားလိုက်ချေ။

*　　　*　　　*